မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၀ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

**မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံ ကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးရွှေလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)<br>တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| (ခ) ဦးအုန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါ်နုနုယဉ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၂) | ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၃) | ဒေါ်မြင့်မြင့်ကြည် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) | ဒေါ်မေမာလာမောင်ကြီး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေ<br>စည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၅) | ဒေါ်သီတာမျိုးအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၆) | ဦးဝင်းသော် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategy and Action Plan - NBSAP) (၂၀၁၅-၂၀၂၀) ပါ လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ညှိနှိုင်းရန်အတွက် အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကော်မတီ (National Biodiversity Conservation Committee - NBCC) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန် (သစ်တောရေးရာ)<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန် (စိုက်ပျိုးရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန် (မွေးရေ/ကျေးလက်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဗ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

(ဘ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

(မ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကော်မတီ (NBCC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုကို ကြီးကြပ်လမ်းညွှန်ရန်၊

(ခ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုဆက်စပ်သည့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ပေးရန်၊

(ဂ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်ရန်၊

(ဃ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လမ်းညွှန်ရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ဗဟိုကော်မတီနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံဖော်ဆောင်ရေးတို့ကို အထောက်အကူပြုနိုင်ရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား ညှိနှိုင်းအကောင်အထည်ဖော်မည့် စီးပွားရေးမူဝါဒ (၁၂) ချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) သည် မြန်မာအစိုးရသစ်၏ စီးပွားရေးမူဝါဒ (၁၂) ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်တွေ့အကျိုးသက်ရောက်မှုရှိသည့် သုတေသနများ၊ ဆန်းစစ်ပိုင်းခြားသုံးသပ်ချက်များပြုလုပ်ခြင်းဖြင့် နိုင်ငံတော်ကို အထောက်အပံ့အားဖြည့်သွားမည့် စီးပွားရေးဆိုင်ရာ အကြံပေးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အဖွဲ့အနေဖြင့် အစိုးရ၏ ရေတိုရေရှည် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ အကောင်အထည်ဖော်မှုဆိုင်ရာ နည်းဗျူဟာများ၊ စီးပွားရေးမူဝါဒ (၁၂) ချက်အပေါ် မူတည်ကာ ချမှတ်ထားသော မူဝါဒလုပ်ဆောင်ချက်များ စသည်တို့ကို ဖော်ထုတ်အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးသွားရန် ရည်မှန်းထားပါသည်။ MDI သည် နိုင်ငံတော်စီမံကိန်းများနှင့် အစိုးရထံသို့ အဆိုပြုထားသော အခြားစီမံကိန်းများ၏ အလားအလာဆန်းစစ်ချက်များနှင့် စနစ်တကျသုံးသပ်ချက်များ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ဘတ်ဂျက်စီမံကိန်းအပေါ် နည်းပညာအားဖြင့် တောင့်တင်းခိုင်မာသော သုံးသပ်ချက်များပြုလုပ်ခြင်း စသည့် အပိုင်းနှစ်ခုတွင်လည်း ကူညီပံ့ပိုးမှုများ ပေးသွားမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ အကြံပေးအဖွဲ့အစည်းတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံအတွက် အရည်အသွေးပြည့်ဝသော မူဝါဒပိုင်းဆိုင်ရာ အကြံပေးအားဖြည့်မှုများအပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အကျိုးသက်ဆိုင်သူများအကြား အများပါဝင်နိုင်သော ထိရောက်သည့်ဆွေးနွေးမှုအခင်းအကျင်းများ ဖော်ဆောင်ရာတွင်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ပံ့ပိုးမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါလုပ်ငန်းများအား ဦးစီးလမ်းညွှန်မှုပြုနိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန် “မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဗဟိုကော်မတီ” နှင့် “မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း” တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဗဟိုကော်မတီ**

(၁) ဦးကျော်ဝင်း　　နာယက
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ဦးသန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | နာယက |
| (၃) | ဒေါက်တာအောင်ထွန်းသက်<br>အဖွဲ့ဝင်<br>ငြိမ်းချမ်းရေးကော်မရှင် | အကြီးတန်းအကြံပေး |
| (၄) | ဦးစိုးဝင်း<br>အမှုဆောင်ဒါရိုက်တာ<br>Renaissance Institute | အကြီးတန်းအကြံပေး |
| (၅) | ဦးမျိုးမြင့်<br>ဥက္ကဋ္ဌ<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | ဥက္ကဋ္ဌ |
| (၆) | ဒေါက်တာလေးကြည်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာမင်းရဲပိုင်ဟိန်း<br>အမှုဆောင်ဒါရိုက်တာ<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | အတွင်းရေးမှူး |

(ခ) မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) နိုင်ငံဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုများအတွက် လက်တွေ့အကျိုးရှိပြီး နောင်လာနောက်သား ပြည်သူများအတွက် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော စီးပွားရေးမူဝါဒများနှင့် မဟာဗျူဟာဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များအတွက် မူဝါဒနှင့် လမ်းညွှန်မှုများ ချမှတ်ပေးရန်။

(၂) ကော်မတီအစည်းအဝေးကို ခြောက်လတစ်ကြိမ် ကျင်းပရန်။

(၃) ခြောက်လပတ်အစည်းအဝေးတွင် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဘတ်ဂျက်ရရှိသုံးစွဲမှုများကို ဆန်းစစ်သုံးသပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်းများ ပြုလုပ်ပေးရန်။

(၄) သုတေသနလုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများ ကြုံတွေ့လာပါက လိုအပ်သော ပံ့ပိုးကူညီမှုများပေးရန်။

(၅) မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ရေရှည်တည်တံ့ရေးအတွက် ရှေးရှုကာ တတ်စွမ်းသောကဏ္ဍမှ ပံ့ပိုးကူညီမှုများပေးရန်။

(ဂ) **မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း**

| | | |
|---|---|---|
| (၁) | ဦးမျိုးမြင့် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာမင်းရဲပိုင်ဟိန်း | အမှုဆောင်ဒါရိုက်တာ |
| (၃) | ညွှန်ကြားရေးမှူး/Senior Research Fellow<br>သုတေသနဌာန<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး/Research Fellow<br>စီမံကိန်းဌာန<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး/Research Fellow<br>လေ့ကျင့်ရေးဌာန<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး/Research Fellow<br>အုပ်ချုပ်ရေးဌာန<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း | အတွင်းရေးမှူး |

(ဃ) မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) နိုင်ငံဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုများအတွက် လက်တွေ့အကျိုးရှိပြီး နောင်လာနောက်သားပြည်သူများအတွက် ရေရှည်တည်တံ့မည့်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော မူဝါဒနှင့်မဟာဗျူဟာဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များကို သတ်မှတ်ရေးဆွဲ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) နိုင်ငံတော်အစိုးရ၏ စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့၏ လမ်းညွှန်မူဝါဒများ ချမှတ်နိုင်ရေးအတွက် လိုအပ်သော သုတေသနနှင့် သတင်းအချက်အလက်များကို သုံးသပ်တင်ပြနိုင်ရန်။

(၃) နိုင်ငံတော်၏ အခြေခံအဆောက်အဦတည်ဆောက်ရေးနှင့် အထူးစီမံကိန်းကြီးများ အပါအဝင် အစိုးရ-ပုဂ္ဂလိက ပူးတွဲစီမံကိန်း (Public Private Partnership Programs) နှင့် ရလဒ်ဖော်ဆောင်ရေးအထူးလုပ်ငန်းများ (Delivery Programs) ကိုဖွဲ့စည်းလျက် လိုအပ်မည့် စိစစ်တိုးတက်မှု သုံးသပ်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးတွဲညှိနှိုင်းဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၄) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ဆောက်ရေးကိစ္စရပ်များအတွက် အရေးပါသော ပြည်သူ့ဝန်ဆောင်မှုစွမ်းဆောင်ရည်မြှင့်တင်ရေးကို ရှေးရှုမည့်လေ့ကျင့်ရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များပါဝင်သော အစိုးရနှင့်ပြည်သူပညာဖလှယ်ရေး (knowledge sharing) အစီအစဉ်နှင့် ယင်းဘာသာရပ်များကို နိုင်ငံတကာအဆင့်မီသင်ကြားနိုင်မည့် ပညာရေး အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၅) နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီအထောက်အပံ့များ စီမံခန့်ခွဲမှု အတွက် လိုအပ်သောသုတေသနနှင့် လေ့ကျင့်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်း ပြည်ပ နည်းပညာနှင့် အရင်းအမြစ်အကူအညီများရယူလျက် လွတ်လပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်စဉ်များကို နိုင်ငံတကာစံများနှင့် ပုံမှန်ယှဉ်ထိုး သုံးသပ်အစီရင်ခံရန်။

(၆) နိုင်ငံတော်အတွက် အရေးပါသည့် စီမံကိန်းအသစ်များ၊ အရေးပေါ်စီမံကိန်းများနှင့် အထူး စီမံကိန်းကြီးများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများနှင့် မူဝါဒအကြံပြုလုပ်ငန်းများ ကို ပံ့ပိုးဆောင်ရွက်ရန်။

၃။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဗဟိုကော်မတီနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့အား ဖွဲ့စည်းပုံ၊ လုပ်ငန်း တာဝန်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု ၏ အခွန်အကောက်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (မူကြမ်း)
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း (၅) ပါ အထူးကုန်စည်ခွန်၊ အခန်း (၆) ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇) ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ -

(၁) ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## **အခန်း (၅)**

## **အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### **အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များ ဖြစ်လျှင်၊ တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊

(၂) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်လျှင် ပြည်ပသို့တင်ပို့သည့် ယာဉ်ပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း၊

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀% |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀% |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀% |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀% |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀% |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ နှင့်အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (တ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀% |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀% |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ % |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၁။ | သစ်လုံး၊ သစ်ခွဲသား။ | | ၅% |
| ၁၂။ | ကျောက်စိမ်း အရိုင်းထည်များ။ | | ၁၅% |
| ၁၃။ | ပတ္တမြား၊ နီလာ၊ မြ အရိုင်းထည်များ။ | | ၁၀% |
| ၁၄။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ။ | | ၅% |
| ၁၅။ | (က) ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၀% |
| | (ခ) ၂၀၀၀ CC အထက်မှ ၃၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၅% |
| | (ဂ) ၃၀၀၀ CC အထက်မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀% |
| | (ဃ) ၄၀၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀% |
| ၁၆။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅% |
| ၁၇။ | သဘာဝဓာတ်ငွေ့၊ သဘာဝဓာတ်ငွေ့ရည်။ | | ၈% |
| ၁၈။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ။ | | ၅% |
| ၁၉။ | အလှကုန်ပစ္စည်းများ။ | | ၅% |
| ၂၀။ | ကားအလှဆင်ပစ္စည်းများ။ | | ၅% |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက်

ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| **စဉ်** | **ကုန်စည်အမျိုးအစား** | **အခွန်နှုန်း** |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့၊ သဘာဝဓာတ်ငွေ့ရည်။ | ၈% |
| (၂) | သစ်လုံး၊ သစ်ခွဲသားများ။ | ၅% |
| (၃) | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅% |
| (၄) | ပတ္တမြား၊ နီလာ၊ မြ အရိုင်းထည်များ။ | ၁၀% |
| (၅) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| **စဉ်** | **ကုန်စည်အမျိုးအမည်** |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြား နှံစားသီးနှံမှုန့်များ။ |
| ၃ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၄ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၅ | နှမ်း၊ ပန်းနှမ်း။ |
| ၆ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၇ | ဆီအုန်း။ |
| ၈ | ဝါအမျိုးမျိုး။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၉ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၀ | ကြက်သွန်ဖြူ ကြက်သွန်နီ။ |
| ၁၁ | အာလူး။ |
| ၁၂ | ပီလောပီနံ၃၊ ပီလောပီနံမှုန့်။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ပရဆေးပင်။ |
| ၁၉ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝ၃၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ |
| ၂၀ | ထင်း၊ ဝါး။ |
| ၂၁ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ် အကြမ်းအချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိပ်များ။ |
| ၂၆ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၇ | အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hydrochlorite များသာ) |
| ၂၈ | အုန်းဆံခြည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၂၉ | လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုး။ |
| ၃၀ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်) အောင်ဘာလေသိန်းထီလက်မှတ်များ။ |
| ၃၁ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၂ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၃ | ငံပြာရည်အမျိုးမျိုး။ |
| ၃၄ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၅ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၆ | ငါးခြောက်၊ ပုစွန်ခြောက် အမျိုးမျိုး။ |
| ၃၇ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၈ | ပုစွန်ဖွဲ့၊ ငါးပေါင်းမုန့်။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၉ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |
| ၄၆ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့်စိပ်ပုတီးများ မပါဝင်)။ |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၉ | အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး။ |
| ၅၇ | ဓာတ်မြေဩဇာ။ |
| ၅၈ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးသုံးခြံဖျန်းဆေး။ |
| ၅၉ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၁ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများနှင့် ကာကွယ်ဆေးများ။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့် ဓာတ်မှန် ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၅ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့် ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသော ဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန်စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၉ | ခဲတံလုပ်ရန် ခဲဆံ။ |
| ၇၀ | ကွန်ဒုံး (Condom)။ |
| ၇၁ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၇၂ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီးလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| ၇၈ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၈၁ | ပြည်ပသို့ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၈၄ | အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |
| ၈၅ | ရွှေစင်၊ ရွှေချောင်း၊ ရွှေပြား (ရွှေလက်ဝတ်ရတနာမပါ)။ |
| ၈၆ | ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုရန် ဝယ်ယူသည့် ကုန်စည်။ |
| ၈၇ | အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များ ရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ် အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း) |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ် ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | ပြည်တွင်းလေကြောင်း ခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၈ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု |

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| | လုပ်ငန်းများ။ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ) |
| ၃၀ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၃၁ | ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၂ | ပြည်ပဘုရားဖူးခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) ပြည်တွင်းလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကို ခံစားခွင့်ရှိစေရမည်။

(ဇ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်း မပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ။

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ။

(၄) အကောက်ခွန် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုး သတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု

ရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက်လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေ အမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ။

(၂) ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ။

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း။

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်

ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ -

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀,၀၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀,၀၀၀,၀၀၁-၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀,၀၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၄။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေး အမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅% |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁) နှင့်အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေ အပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၆။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်း သည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ် ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၇။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း တစ်နှစ်စုစုပေါင်း အသားတင် အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တွင် အတူနေ မိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည် -

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေ ရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှု အပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ် အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -

(၁) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)

## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထား များ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေး၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ပ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေး လိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက် ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် -

(၁) ဤဥပဒေ ပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ် ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ် လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန် နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## **အခန်း (၉)**

## **အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ ကုန်သွယ်ရေးနှင့်အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်း သတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများ ကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

(ခ) ဝန်ကြီးဌာနသည် ထိုသို့ချီးမြှင့်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံသည့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်ကောက်ခံရန် လျာထားချက်စုစုပေါင်း၏ တစ်ရာခိုင်နှုန်းကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ခွင့်ပြုပေးနိုင်သည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသည် ခွင့်ပြုသာမန်အသုံးစရိတ်များထဲမှ လုပ်ငန်းတာဝန် ကျေပွန်သည့် အခွန်ဝန်ထမ်းများအား ဆုကြေးငွေအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

ဇယား (၁)

**၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၇၁၂,၆၆၆. ၈၈၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၇၅၂,၄၄၇. ၂၃၂ |
| | ၃ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅,၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၄၇,၃၅၆. ၂၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၇၀,၅၈၀. ၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၄၇,၆၈၉. ၃၀၂ |
| | ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၆၄၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၇၁၇. ၈၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၈၇,၂၉၉. ၉၃၁ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၃၈၂,၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၈၂,၀၀၀. ၀၀၀ |
| ၃ | | | **အကောက်ခွန်** | **၄၉၀,၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၉၀,၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၉၆,၃၄၂. ၀၀၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၉၅. ၁၁၈ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၂၉၆. ၇၇၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃. ၈၅၅ |

| အမှတ်စဉ် | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၅၀၁. ၈၀၀ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၂၇၈,၆၂၃. ၀၈၆ |
| ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၂၇,၁၄၃. ၅၄၂ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၅၇၆,၂၄၈. ၀၀၀ |
| ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။ | ၁၀,၄၂၆. ၃၂၀ |
| | | စုစုပေါင်း | ၆,၄၈၁,၀၀၈. ୫၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

### ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ် — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသော ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသော ဥပဒေဘာသာပြန်လုပ်ငန်း ကျွမ်းကျင်သူနှစ်ဦး — အဖွဲ့ဝင်

(ဃ) ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သည့် တရားလွှတ်တော်ရှေ့နေနှစ်ဦး — အဖွဲ့ဝင်

(င) တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်

(စ) တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်

(ဆ) တက္ကသိုလ်၊ ကောလိပ် မြန်မာစာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ် ဥပဒေများစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး — အတွင်းရေးမှူး

(ဈ) ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး" — တွဲဖက်အတွင်းရေးမှူး

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်သီရိစိုး<br>တ/၂၉၉၂ | မင်းတုန်း<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဦးလွင်မိုးထွေး<br>တ/၂၈၂၃ | ရမ်းဗြဲ<br>ရခိုင်ပြည်နယ် |
| ၃။ | ဦးမိုးဆွေ<br>တ/၂၈၂၄ | ဒိုက်ဦး<br>ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဦးမောင်မောင်ခင်<br>တ/၃၀၁၀ | ကလေးဝ<br>စစ်ကိုင်းတိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၆ ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ညွှန်ကြားရေးမှူးရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားသော ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ စာချွန်တော်ဌာန၊ ညွှန်ကြားရေးမှူး ဒေါ်စုငယ် (တ/၁၉၁၇) အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူးရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

ထွန်းထွန်းဦး၊

ပြည်ထောင်စုတရားသူကြီးချုပ်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၇ ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တရားရေးဝန်ထမ်းအဆင့်-၁ ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားသော အောက်ဖော်ပြပါ တရားရေးဝန်ထမ်းအဆင့်-၁ (၄) ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော နေ့ရက်များမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ** | **အတည်ပြုခန့်ထားသည့် နေ့ရက်** |
|---|---|---|---|
| ၁။ | ဒေါ်သီသီဦး<br>တ/၂၅၉၆ | ဒုတိယညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်<br>သုတေသနဌာန<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁-၁၂-၂၀၁၆ |
| ၂။ | ဒေါ်မာလာမော်<br>တ/၂၅၉၃ | ဒုတိယညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်<br>သုတေသနဌာန<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၈-၁၂-၂၀၁၆ |
| ၃။ | ဒေါ်ဝါဝါဆွေ<br>တ/၂၀၈၈ | ဒုတိယညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်တရားလွှတ်တော် | ၂-၁၂-၂၀၁၆ |
| ၄။ | ဒေါ်စန္ဒာခင်<br>တ/၁၉၃၆ | ဒုတိယညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်တရားလွှတ်တော် | ၂၁-၁၂-၂၀၁၆ |

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၈ ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တရားရေးဝန်ထမ်းအဆင့်-၂ ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားသော အောက်ဖော်ပြပါ တရားရေးဝန်ထမ်း

အဆင့် -၂ (၉) ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော နေ့ရက်များမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ | အတည်ပြုခန့်ထားသည့် နေ့ရက် |
|---|---|---|---|
| ၁။ | ဒေါ်စန္ဒာအေး<br>တ/၂၄၇၉ | လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၂၁-၁၂-၂၀၁၆ |
| ၂။ | ဦးမြင့်ဌေး<br>တ/၂၀၆၆ | ဒုတိယခရိုင်တရားသူကြီး<br>(ခရိုင်တရားသူကြီးတာဝန်)<br>ခရိုင်တရားရုံး၊ မိုင်းဆတ်ခရိုင် | ၂-၁၁-၂၀၁၆ |
| ၃။ | ဒေါ်ဌေးဌေး<br>တ/၂၂၄၅ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ မြောင်းမြခရိုင် | ၉-၁၁-၂၀၁၆ |
| ၄။ | ဦးလွန်းဘော်<br>တ/၂၅၀၃ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ ရွှေဘိုခရိုင် | ၁၇-၁၂-၂၀၁၆ |
| ၅။ | ဒေါ်ရီရီဆွေ<br>တ/၂၂၅၄ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ ဘားအံခရိုင် | ၂၁-၁၀-၂၀၁၆ |
| ၆။ | ဦးဌေးဝင်း<br>တ/၂၁၉၃ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ ပခုက္ကူခရိုင် | ၂၆-၁၀-၂၀၁၆ |
| ၇။ | ဦးဝင်းဇော်ညွန့်<br>တ/၂၃၁၀ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ မကွေးခရိုင် | ၂၆-၁၀-၂၀၁၆ |
| ၈။ | ဦးအောင်ကျော်ကျော်<br>တ/၂၃၈၀ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ မြစ်ကြီးနားခရိုင် | ၂၀-၁၀-၂၀၁၆ |
| ၉။ | ဦးကံမြင့်<br>တ/၂၃၅၄ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး၊ ပြင်ဦးလွင်ခရိုင် | ၂၆-၁၀-၂၀၁၆ |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

အမှတ် ၁၃ ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တရားရေးဝန်ထမ်းအဆင့်-၃ ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားသော အောက်ဖော်ပြပါ တရားရေးဝန်ထမ်း အဆင့်-၃ (၇) ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော နေ့ရက်များမှစ၍ အတည်ပြုခန့်ထား လိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ | အတည်ပြုခန့်ထားသည့် နေ့ရက် |
|---|---|---|---|
| ၁။ | ဒေါ်ပွင့်ဖြိုးလင်း<br>တ/၃၀၄၆ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ ရေနံချောင်း | ၂၃-၁၁-၂၀၁၆ |
| ၂။ | ဦးဇေယျာအေးချို<br>တ/၂၉၀၄ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ မိုးမောက် | ၃၀-၅-၂၀၁၅ |
| ၃။ | ဒေါ်ခင်ဖြိုးမေ<br>တ/၃၀၀၂ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ လသာ | ၁၄-၁၂-၂၀၁၆ |
| ၄။ | ဒေါ်မီမီဝင်း<br>တ/၂၉၉၈ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ ကျောက်တန်း | ၁၆-၁၂-၂၀၁၆ |
| ၅။ | ဦးအောင်ကျော်ခိုင်<br>တ/၂၈၉၂ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ မြောက်ဦး | ၃၀-၅-၂၀၁၅ |
| ၆။ | ဒေါ်နန်းဇင်ဝေသော်<br>တ/၂၉၂၈ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ မြိတ် | ၃-၁၁-၂၀၁၆ |
| ၇။ | ဒေါ်သင်းသင်းဇော်<br>တ/၂၉၇၆ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး၊ တောင်ငူ | ၂-၁၁-၂၀၁၆ |

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

## ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ

ဥပဒေနှင့်အညီ ဦးဖြိုးဝေဟန် [၅/စကန (နိုင်) ၁၇၇၃၉၁] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀ိ-၄,၀၀၀ိ-၂၇၀,၀၀၀ိ) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀ိ ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉) ဦးတို့ကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကယားပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၆၇၂၄ (အစား) ကြည်း ၂၂၀၀၀
ဗိုလ်မှူး မင်းသူ — ဗိုလ်မှူးကြီး မြင့်ဝေ

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

(၂) ကြည်း ၃၆၀၀၁ (အစား) ကြည်း ၄၆၃၀၂
ဗိုလ်ကြီး ဝင်းမင်းအောင် — ဗိုလ်ကြီး သက်ဇော်လင်း

(၃) ကြည်း ၃၆၀၁၀ (အစား) ကြည်း ၅၀၁၇၂
ဗိုလ်ကြီး ခန့်ဟိန်း — ဗိုလ်ကြီး ရန်မျိုးအောင်

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

(၄) ကြည်း ၄၃၂၅၉ (အစား) ကြည်း ၂၆၉၃၄
ဗိုလ်ကြီး သက်နိုင်စိုး — ဗိုလ်မှူးကြီး ကျော်ဖေယျ

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

(၅) လေ ၃၀၈၈ (အစား) လေ ၂၈၅၅
ဗိုလ်မှူး ရန်နိုင်စန်း — ဗိုလ်မှူး ကျော်သူရ

**ရခိုင်ပြည်နယ်လွှတ်တော်**

(၆) ကြည်း ၁၀၈၆၀ (အစား) ကြည်း ၁၀၄၃၁
ဒုတိယဗိုလ်မှူးကြီး မင်းဦး ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထွေး

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၇) ကြည်း ၃၆၂၅၈ (အစား) ကြည်း ၃၆၄၇၄
ဗိုလ်မှူး စံသာနေအောင် ဗိုလ်မှူး ကိုကိုလတ်

**ရှမ်းပြည်နယ်လွှတ်တော်**

(၈) ကြည်း ၃၅၆၉၉ (အစား) ကြည်း ၄၇၆၉၀
ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း ဗိုလ်ကြီး အောင်သက်ဦး

(၉) ကြည်း ၅၁၄၇၇ (အစား) ကြည်း ၁၉၃၁၅
ဗိုလ်ကြီး မြတ်မင်းအောင် ဗိုလ်မှူးကြီး မင်းမင်းလွင်

တင်ထွန်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်လက်တွေ့အကောင်အထည်ဖော်ဆောင်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးခင်မောင်တင် ဥက္ကဋ္ဌ
အတွင်းရေးမှူး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန
ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ်အောင်စိုး အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဗိုလ်ချုပ်သန်းထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) ဒေါက်တာချမ်းသာ — အဖွဲ့ဝင်
လူမှုရေးဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) ဦးကျော်စိုး — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး
အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အမှတ် ၂၃/၂၀၁၇ ။ ။ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးမောင်ဝေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၄၃/၂၀၁၇ ။ ။ ဗီယင်နာမြို့၊ မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူးကြီး ဦးကျော်ညွှန့်ဦးအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၄/၂၀၁၇ ။ ။ ကွာလာလမ်ပူမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ဖြူမင်းသူအား မြန်မာသံရုံး၊ မနီလာမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

အမှတ် ၅၃/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဌာနစုမှူး ဒေါ်ဆုဝေဖိုးကျားအား မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၁၇။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အောက်ဖော်ပြပါ အမှုထမ်း (၇) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဦးတင်မောင်ဋ္ဌေး | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | လက်ထောက်မန်နေဂျာ (စီမံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (ခ) | ဒေါ်ငယ်ငယ်လွင် | စာရင်းကိုင်-၁<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | လက်ထောက်မန်နေဂျာ (ငွေစာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (ဂ) | ဦးသန်းလင်းဦး | ကြီးကြပ်ရေးမှူး<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | လက်ထောက်မန်နေဂျာ (ပုံနှိပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (ဃ) | ဒေါ်ဖြိုးစန္ဒာမြင့် | အကြီးတန်းသတင်းထောက်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (င) | ဦးကျော်ဇေယျာမြင့် | အကြီးတန်းသတင်းထောက်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (စ) | ဦးအေဝမ်းစိုး | အကြီးတန်းသတင်းထောက်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (ဆ) | ဦးဂျေတီဘွေကီး | အကြီးတန်းသတင်းထောက်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | စာတည်း<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

အမှတ် ၁၈။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဌာနခွဲမှ စာတည်းမှူးချုပ် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးအောင်သန်းအား ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ပုံနှိပ်ဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး (ပုံနှိပ်) လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၉ ။ ။ ဦးအောင်သန်းသည် တာဝန်ကျရာ နေပြည်တော်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးချုပ်တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) သဘောတူညီချက်အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တို့တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိနှင့် လက်ထောက်ကထိကရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါရာထူး နေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်/လက်ရှိရာထူး/လစာနှုန်း/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန** |
|---|---|---|
| (က) | ဒေါ်အောင်အောင်မော်<br>ရုံးအုပ်<br>လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>သမိုင်းသုတေသနဌာန<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>သမိုင်းသုတေသနဌာန<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |
| (ခ) | ဒေါ်မို့မို့သက်<br>ဦးစီးမှူး<br>လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ (လုံခြုံ/နယ်မြေ)<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |
| (ဂ) | ဒေါ်သင်းသင်းစိုး<br>ဦးစီးမှူး (ဝန်ထမ်း)<br>လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) | ဦးစီးအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) |

| စဉ် | အမည်/လက်ရှိရာထူး/လစာနှုန်း/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း၊ ဌာန |
|---|---|---|
| (ဃ) | ဒေါ်ချိုချိုကျော်ဝင်း<br>ဦးစီးမှူး (စီမံ)<br>လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ်(ရန်ကုန်) | ဦးစီးအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) |
| (င) | ဒေါ်နှင်းအေးခိုင်<br>နည်းပြ (စာပေ)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>စာပေပညာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (စာပေ)<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စာပေပညာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) |
| (စ) | ဒေါ်သန္တာနွဲ့မူ<br>စာကြည့်တိုက်လက်ထောက် (၂)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ (စာဖြန့်)<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |
| (ဆ) | ဒေါ်ရွှေနွယ်စိုး<br>စာကြည့်တိုက်လက်ထောက်(၂)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ (စာဖြန့်)<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သမိုင်းသုတေသနနှင့်အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန (ယဉ်ကျေးမှု)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူညီချက်အရ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (နေပြည်တော်) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ ဒေါ်ကလျာချောစုအား အမျိုးသားပြတိုက် (နေပြည်တော်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သော Trade Development Program (TDP) ကို ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် ဂျာမနီသမ္မတနိုင်ငံတို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ (၃) နှစ်ကြာ ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်အောက်တွင် ဆောင်ရွက်မည့် Strengthening Control of Veterinary Drugs and Chemicals in the Aquaculture Sector စီမံကိန်းတွင် ရေလုပ်ငန်းကဏ္ဍ၌ တိရစ္ဆာန်သုံးဆေးဝါးများ၊ အစာနှင့် ဖြည့်စွက်စာများ တင်သွင်း၊ ဖြန့်ဖြူး၊ သုံးစွဲ၊ ထုတ်လုပ်ခြင်းတို့တွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်စဉ်တို့ဖြစ်ပေါ်လာစေရန် ကြီးကြပ်ဆောင်ရွက်မည့် **“Work Committee for Authorization and Control of Use of Veterinary Medicines, Feed and Feed Supplements in Aquaculture” (VMFAq-Work Committee)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာရဲထွန်းဝင်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဦးအောင်ထွန်းခိုင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဦးစိုးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စစ်ဆေးရေး)
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒေါက်တာဝင်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) ဒေါက်တာသိဂီဇင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဆေးဝါး)
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(စ) ဦးဇော်မင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာမင်းသိမ်းမော် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

အမှတ် ၁ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ် ပြည်ပခရီးသွားရောက်နေသည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကာလအတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနန်းဆိုင်ဟွမ်းအား မိမိ၏တာဝန်ဝတ္တရားများအပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၏ တာဝန်ဝတ္တရားများကိုပါ ယာယီပူးတွဲ တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂ ။ ။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ် ပြည်ပမှ ပြန်လည်ရောက်ရှိသည့်အခါ မိမိ၏တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၃ ။ ။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနန်းဆိုင်ဟွမ်းသည် ပါမောက္ခချုပ် တာဝန်ဝတ္တရားများကို ပြန်လည်လွှဲပြောင်းပေးပြီးနောက် မိမိမူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၇ ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သော အောက်ဖော်ပြပါ တပ်မတော် (လေ) မှ အရာရှိကြီး/အရာရှိ (၂) ဦး

အား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံတွင် လစ်လပ်လျက်ရှိသည့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထား လိုက်သည်-

| စဉ် | ပြန်တမ်းဝင် အမှတ် | အဆင့်/အမည် | တပ်/ဌာန | ခန့်အပ်မည့်ရာထူး/ လစာနှုန်း |
|---|---|---|---|---|
| (က) | လေ ၂၁၆၇ | ဒုတိယဗိုလ်မှူးကြီး သန်းမြင့်ကျော် | မြေပြင်အတတ်သင် လေတပ်စခန်း | ဒုတိယဌာနမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| (ခ) | လေ ၂၄၆၈ | ဗိုလ်မှူး ရဲထက် | အမှတ် (၄၆) အုပ် တောင်ငူလေတပ် စခန်းဌာနချုပ် | ကထိက (၂၈၀,၀၀၀-၄,၀၀၀ ၃၀၀,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆-၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီး ဌာနရှိ စက်မှုလုပ်ငန်း (ရုံးချုပ်) များမှ အောက်ဖော်ပြပါ အရာထမ်း (၆) ဦးတို့အား တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၌ လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်းတူရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်း ပေးလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊လစာနှုန်း၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြု သည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်သဉ္ဇာနိုင် | မန်နေဂျာ (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အမှတ် (၂) အကြီးစားစက်မှု လုပ်ငန်း | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (၂) | ဒေါ်တင်တင်နွယ် | မန်နေဂျာ (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) မြန်မာ့ဆေးဝါးလုပ်ငန်း | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၃) | ဒေါ်ခင်နီနီကျော် | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (၄) | ဦးဦးကျော်ဝင်း | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန |
| (၅) | ဒေါ်ဇာဇာအောင် | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့ဆေးဝါးလုပ်ငန်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ ပြည်ထောင်စုဝန်ကြီးရုံး |
| (၆) | ဒေါ်ငြိမ်းနုဝေ | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့ဆေးဝါးလုပ်ငန်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ ပုဒ်မ ၆ အရ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(၁) ပါမောက္ခဒေါက်တာပိုင်စိုး ဥက္ကဋ္ဌ
ပါမောက္ခချုပ် (ငြိမ်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

| | | |
|---|---|---|
| (၂) | ပါမောက္ခဒေါက်တာသိန်းကြူ<br>ပါမောက္ခချုပ် (ငြိမ်း)<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပါမောက္ခဒေါက်တာရွှေတိုး<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (၄) | ပါမောက္ခဒေါက်တာဆန်းဆန်းဝင်း<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) | အဖွဲ့ဝင် |
| (၅) | ပါမောက္ခဒေါက်တာမျိုးဝင်း<br>ပါမောက္ခချုပ် (ငြိမ်း)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) | အဖွဲ့ဝင် |
| (၆) | ဒေါက်တာအောင်ကျော်ဘုန်း<br>သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် (ပြင်ပ) | အဖွဲ့ဝင် |
| (၇) | ဒေါက်တာအောင်ခိုင်မော်<br>သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် (ပြင်ပ) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာခင်မောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၉) | ဒေါက်တာမျိုးသန့်<br>သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် (ပြင်ပ) | တွဲဖက်အတွင်းရေးမှူး |

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည် (ဆမ-၉၁၁၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့၊ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ ၃မက (က) ၂၀၁၇ (၁) ဖြင့် ထုတ်ပြန်ထားသောအမိန့်စာကို ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ဆုံးဖြတ်ချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာနှုန်းတူရာထူးနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး/ဌာန | ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ရာထူး/ဌာန |
|---|---|---|---|
| (က) | ဦးမိုးဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ခရိုင်လူမှုဝန်ထမ်းရုံး<br>ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့<br>(ပြန်လည်ထူထောင်ရေးဌာနခွဲ<br>ရုံးချုပ်တွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ရခိုင်ပြည်နယ်၊ စစ်တွေမြို့<br>(ပြန်လည်ထူထောင်ရေးဌာနခွဲ<br>ရုံးချုပ်တွဲဖက်) |
| (ခ) | ဒေါ်ခင်နွယ်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ရခိုင်ပြည်နယ်၊ စစ်တွေမြို့ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ခရိုင်လူမှုဝန်ထမ်းရုံး<br>ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့ |
| (ဂ) | ဒေါ်စိန်သန်းကြည် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ခရိုင်လူမှုဝန်ထမ်းရုံး<br>ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ကလေးပြုစုရေးဌာန<br>စစ်တွေမြို့ |
| (ဃ) | ဒေါ်စိမ်းလဲ့ရည် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ကလေးပြုစုရေးဌာန<br>စစ်တွေမြို့ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ခရိုင်လူမှုဝန်ထမ်းရုံး<br>ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆) နှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါစာအမှတ်၊ ၁/၁-၄/၂၀၁၇ (၀၄၅)၊ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၇ အရ လူမှုဝန်ထမ်းဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကီးလိန်းအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင် စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ဆုံးဖြတ်ချက်အရ လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ညွှန်ကြားရေးမှူးရာထူးနေရာများသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနများအလိုက် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး/ဌာန | တိုးမြှင့်တာဝန်ပေးအပ်သည့် ရာထူး/ဌာန |
|---|---|---|---|
| (က) | ဦးလွင်ဦး | ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာနစု၊ ရုံးချုပ်<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့<br>(စီမံ/ဘဏ္ဍာဌာနခွဲ၊ ရုံးချုပ်<br>နေပြည်တော်တွဲဖက်) |
| (ခ) | ဒေါ်မြင့်မြင့်ကြည် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ရခိုင်ပြည်နယ်၊ စစ်တွေမြို့<br>(ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ကယားပြည်နယ်၊ လွိုင်ကော်မြို့တွဲဖက်) |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်
နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အုပ်ချုပ်ရေးဘဏ္ဍာရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးအောင်ဌေး [၁၂/မရက (နိုင်) ၁၀၈၅၁၂] အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်လတ် [၁၂/သဃက (နိုင်) ၀၉၇၀၄၁] အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးဇေယျာထွန်း [၁၂/သကတ (နိုင်) ၁၃၇၂၁၄] အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးအုန်းမောင်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မြို့တော်ခန်းမ၊ ရန်ကုန်မြို့**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၆)**

ရန်ကုန်မြို့၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အောက်ဖော်ပြပါ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်ချုပ်ရေးမှူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အရာရှိ (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **စဉ်** | **အမည်/ကိုယ်ပိုင်အမှတ်** | **လက်ရှိတာဝန်ထမ်းဆောင်နေသည့်မြို့နယ်** |
|---|---|---|
| ၁။ | ဦးစိုးညွန့်<br>(မစ-၁၇၅၀) | ဒဂုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး |
| ၂။ | ဦးကျော်အောင်<br>(မစ-၁၇၅၁) | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး |

မောင်မောင်စိုး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးကြောင်း ကြေညာခြင်း**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ အမျိုးသားမှတ်ပုံတင်အမှတ် [၉/သပက (နိုင်) ၀၃၆၉၇၆] သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ (၂၀း၁၅) နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ)၊ နည်းဥပဒေ ၇၁ (စ) အရ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခဲ့ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) အောင်ကျော်ဦး

ဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီးလွှတ်တော်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၈၇) နှင့် (၈၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစီးအရာရှိ ဒေါ်သန္တာညွန့်အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လုပ်သက်ခွင့် (၃) ရက်ကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၇ နှင့် ၈၉ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစီးအရာရှိ ဦးဇော်နိုင်ဦးအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ လုပ်သက်ခွင့် (၃) ရက်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် (စနေနေ့) နှင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (တနင်္ဂနွေနေ့) များ ပူးတွဲလျက် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇) အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လုပ်သက်ခွင့် (၃) ရက် ခံစားခဲ့သည့် ဦးစီးအရာရှိ ဒေါ်သန္တာညွန့်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်သူ့လွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်လတ်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းမှ ဖေဖော်ဝါရီလ ၁၇ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၁၀) ရက်ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ အထက်ပါခွင့်နှင့်တစ်ဆက်တည်းဖြစ်သော ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (စနေနေ့) နှင့် ၁၉ ရက် (တနင်္ဂနွေနေ့) ရုံးပိတ်ရက်များကို ပူးတွဲခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်မှပြန်လာသောအခါ ဦးဝင်းဇော်လတ်အား ဒုတိယညွှန်ကြားရေးမှူး၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

### လုပ်သက်ခွင့်ခံစားခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန၊ ထောက်ပံ့ဌာနခွဲ၊ သယ်ပို့ဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်အား မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေ ၁၀(က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဖေဖော်ဝါရီလ ၈ ရက်နေ့ ညနေပိုင်းအထိ လုပ်သက်ခွင့် (၃) ရက်ကို ခံစားခွင့်ပြုလိုက်သည်။

၂။ ဦးဝင်းမြင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ယင်း၏တာဝန်ဝတ္တရားများကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးအား ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

၃။ ဦးဝင်းမြင့်အား ခွင့်စေ့ရောက်သည့်နေ့၏ နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ မူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်<br>( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

**ရတနာလင်းလက် ကျောက်မျက် ကုမ္ပဏီလီမိတက်**
**(Yadanar Linn Latt Gems Company Limited)**

၁။ **ရတနာလင်းလက် ကျောက်မျက် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၃-၃-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B. Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃-၄-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ယဉ်မာဦး
မန်နေးဂျင်းဒါရိုက်တာ
ရတနာလင်းလက် ကျောက်မျက် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁ -၅၀၇၁၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

**ဒဏ္ဍာရီ ဖျော်ဖြေရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(LEGEND ENTERTAINMENT COMPANY LIMITED)**

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဒဏ္ဍာရီဖျော်ဖြေရေးလုပ်ငန်း ကုမ္ပဏီလီမိတက်** အား ၂၀၁၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် [B.A (English) R.L], Advocate (Registration No. 4647) ၊ တိုက်အမှတ် - စီ ၁၊ အခန်းအမှတ် - ၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေး ကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ပေးရန်ရှိသည်များကို (၉-၄-၂၀၁၇) နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဝေဖြိုး
မန်နေးဂျင်းဒါရိုက်တာ
ဒဏ္ဍာရီ ဖျော်ဖြေရေးလုပ်ငန်း ကုမ္ပဏီလီမိတက်

U Papo Ganesan
[B. A. (English), R.L]
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

**လှဝင်းရွှေစင် ကုမ္ပဏီလီမိတက်**

**(HLA WIN SHWE SIN COMPANY LIMITED)**

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **လှဝင်းရွှေစင် ကုမ္ပဏီ လီမိတက်** အား ၂၀၁၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် [B.A (English) R.L], Advocate (Registration No.4647) ၊ တိုက်အမှတ်-စီ ၁၊ အခန်းအမှတ်-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေး ကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ပေးရန်ရှိသည်များကို (၉-၄-၂၀၁၇) နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာ အပ်သည်။

ဦးလော်ကွေး
မန်နေးဂျင်းဒါရိုက်တာ
လှဝင်းရွှေစင် ကုမ္ပဏီလီမိတက်

U Papo Ganesan
[B. A. (English), R.L]
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

## ဘရီး (ဇ်) မြန်မာ ကုမ္ပဏီလီမိတက်

## (BREEZE MYANMAR COMPANY LIMITED.)

၁။ **ဘရီး (ဇ်) မြန်မာ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃-၃-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com,C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃-၄-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးထက်လင်းအောင် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com,C.P.A) |
| ဘရီး (ဇ်) မြန်မာ ကုမ္ပဏီလီမိတက်၏ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း - ၅၀၇၁၁၇ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရ

ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

## SJMN Co., Ltd.

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား (၁၀-၄-၂၀၁၇) ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းရပ်ကွက် (၁)၊ ထန်းတပင်လမ်း၊ အမှတ် ၈၅၊ ပထမထပ် (ဝဲ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း

[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L

P.G.D.I.T (New Delhi), D.Jap, M.P.A, M.A (B.L)]

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် - ၂၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း - ၀၉၅၀၀၈၅၈၃။

## မြေသခင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်းကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက် |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

U Thein Oo
Managing Director
Land Lord Construction Co., Ltd.

ဒေါ်စန္ဒာအေး
(B.Com,C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာ ဒယ်ရီ နယူထရေးရှင်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက် |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

U Theim Wai (&) Mr. Serge Pun
Managing Director
Myanmar Daily Nutrition Co., Ltd.

ဒေါ်စန္ဒာအေး
(B.Com,C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာ မစ် (ခ်) ဖမ်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက် |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

U Theim Wai (&) Mr. Serge Pun
Managing Director
Myanmar Milk Farm Co., Ltd.

ဒေါ်စန္ဒာအေး
(B.Com,C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ပရိုမိုလိုင်းကုမ္ပဏီလီမိတက်၏ ဖျက်သိမ်းရန် ကြေညာချက်

၁။ **ပရိုမိုလိုင်းကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၈-၃-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း (B.Com,R.A,C.P.A) [၆/ထဝန(နိုင်) ၀၅၀၁၁၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးသက်
မန်နေးဂျင်းဒါရိုက်တာ
Promo Line Co.,Ltd.

ဦးစိန်ဝင်း
(B. Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Co.,Ltd.
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၀၃၇၆၀။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ကောင်းမွန်ပြည့်စုံသော သားရတနာများ ကုမ္ပဏီလီမိတက်**

**(ALL GOOD SONS COMPANY LIMITED)**

၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကောင်းမွန်ပြည့်စုံသော သားရတနာများ ကုမ္ပဏီလီမိတက်** **[ALL GOOD SONS COMPANY LIMITED]** အား (၁၀-၃-၂၀၁၇) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U KYAW SWA WIN HTUT | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| ALL GOOD SONS COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**သက်ဆွေနှင့် ယမင်း ကုမ္ပဏီလီမိတက်**

**(Thet Swe & Yamin Co., Ltd.)**

**အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းပိတ်သိမ်းခြင်း**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သက်ဆွေနှင့်ယမင်း ကုမ္ပဏီလီမိတက်** **(Thet Swe & Yamin Co., Ltd)** အား (၁၀-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းပိတ်သိမ်းရာတွင် ဦးသောင်းအေး [B.A,C.P.A, (R.A)] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Yamin Ko Ko | ဦးသောင်းအေး |
| Director | (B.A, C.P.A , R.A] |
| Thet Swe & Yanin Co.,Ltd. | စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိ |
| | အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊ |
| | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း - ၃၉၂၉၀၄ |

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၀-၃-၂၀၁၇။